


## အသုဘစက်ဝိုင်း




**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- ကသာမြို့ မြို့လှရွာ
- ကသာမြို့ ပေါ်မမြိုင်ရွာ
- ပုလဲမြို့ ပုလဲ - ခင်အေးလမ်းမပေါ်
- ကယားပြည်နယ်၊ လွိုင်ကော်မြို့
- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့
- ဝိုင်းမော်မြို့ အောင်မြေကျေးရွာ
- ကရင်ပြည်နယ်၊ မူတော်ခရိုင်

**ဒလန်ရှင်းနယ်မြေများ**

- စစ်ကိုင်းတိုင်း၊ တန့်ဆည်
- သုံးခွမြို့နယ်၊ ဘုရားကြီးရပ်
- ပဲခူးမြို့ မွန်စံရပ်ကွက်
- မန္တလေးမြို့ ချမ်းအေးသာစံ
- မြစ်ငယ်မြို့ (ချမ်းအေးရပ်)
- ထားဝယ်မြို့နယ်၊ ရောင်းမော်ရွာ

(ထားဝယ် **PDF** နှင့် ပျူစောထီးတိုက်ပွဲ)

**ဒလန်အမျိုးအစား**

| | |
|---|---|
| အုပ်ချုပ်ရေးမှူး | - ၄ |
| မီတာကောက်လာသူ | - ၂ |
| ပျူစောထီး | - ၅ |

**လူထုဘက်မှတိုက်ပွဲဝင်ခဲ့သောအဖွဲ့များ**

- **PDF** (ကသာ၊ ထားဝယ်၊ မြိုင်၊ ပုလဲ)
- **KNU, KIA, KNPP**

**မုံးပေါက်ကွဲခဲ့သည့် မီတာရုံးများနှင့် စကစနှင့်ပတ်သက်ရုံးများ**

- ရန်ကုန်၊ တာမွေမြို့နယ်မီတာရုံး
- လှုကယ်ပြန် ဝန်ကြီးသက်သက်ခိုင် ရွှေဆိုင်
- ဝန်ကြီးများရုံးဘေး မော်တော်ပီကယ်ရုံး
- မင်္ဂလာဒုံ၊ စမ်းချောင်း၊ လမ်းမတော်၊ အင်းစိန် (မီတာရုံးများ)
- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ ကြံ့ဖွတ်ရုံး၊ ၉၆တပ်ရေမှီတာရုံး
- ကသာမြို့ကြံ့ဖွတ်ရုံး၊ အုပ်ချုပ်ရုံးမှူးရုံး
- ကယားပြည်နယ်၊ လွိုင်ကော်မြို့ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် လျှပ်စစ်ရုံး
- ပဲခူး အမှတ်(၇)ကင်းတဲ
- ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ စည်ပင်ရုံး

ဇူလိုင် ၈ရက်နေ့မှ ၁၄ရက်နေ့အထိသာရေးသတင်းပြဇယားဖြစ်ပါသည်။ တိကျခိုင်လုံသော သတင်းဌာနများမှ ဖေါ်ပြချက်များကို မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။ တိကျပြီးလက်လှမ်းမီသော အချက်အလက်များကိုသာ စုစည်းထားခြင်းဖြစ်သောကြောင့် စာရင်းမသိသော သာရေးသတင်းများကိုလည်းတွေးဆ ဝမ်းသာနိုင်ပါကြောင်း.....






ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၆၆)ရက် ရှိပါပြီ။ ဇူလိုင်၊ ၂၀၂၁




**ကမ္ဘာအနှံ့ ကူးစက်နေတဲ့ ကိုဗစ် ၁၉ ရောဂါပိုးဟာ ဗမာပြည်ကိုလည်း ဒုက္ခပေးနေပြီ။ ပထမလှိုင်း၊ ဒုတိယလှိုင်းတုန်းက ပြည်သူလူထုဟာ ညီညီညွတ်ညွတ် တောင့်ခံနိုင်ခဲ့ကြပေမဲ့ တတိယလှိုင်းမှာတော့ ဖရိုဖရဲပြိုလဲနေကြပြီ။ အကြောင်းကတော့ အကြမ်းဖက် လူသတ်သမား စစ်ကောင်စီဂိုဏ်းသားတွေက လူထုကို သတ်ဖြတ် နှိပ်စက်နေလို့ပါပဲ။**

# အင်္ကျီဟောင်းတွေ ချွတ်ပစ်လိုက်

*မြရောင်မောင်း



လေကောင်းလေသန့်ထဲမှာ
အပုပ်နံ့တွေက တထောင်းထောင်း။
သီချင်းသံတွေထဲမှာ
သေနတ်သံတွေက တဒိုင်းဒိုင်း
ပါးစပ်သံတွေက တဒိုင်းဒိုင်း။
စိတ်ချထားလို့မရဘူး
မျက်စိမှိတ်ထားမိရင်
ကိုယ့်လက်ထဲမှာကိုင်ထားတဲ့
ကိုယ့်ဆေးလိပ်မီးကတောင်
ကိုယ့်တကိုယ်လုံးကို မီးစွဲလောင်သွားနိုင်တယ်။

အောင်မြင်မှုဆိုတာ ဘယ်ဟာလဲ
ရှုံးနိမ့်မှုဆိုတာ ဘယ်ဟာလဲ။

နောက်ထပ်ဘုရားတဆူထပ်ပွင့်လာမယ်ဆိုရင်တောင်
ရင်မခုန်တတ်တဲ့ လူငယ်တွေများလာပြီ
ခင်ဗျားတို့ပြောစကားဆိုစကားတွေက
ဒဏ်ရာတွေကိုပျောက်ကင်းစေနိုင်မယ့်
ဆေးဝါးဆေးမြစ်တွေ မဟုတ်တော့ဘူး။

ကောင်းကင်ခရီးနှင်သူတိုင်း
ကြယ်တာရာအသစ်ကို ရှာဖွေတွေ့ရှိနိုင်ကြစေသတည်း။ ။

● မြရောင်မောင်း





## တပတ်အတွင်း သတင်းကောက်နုတ်ချက်

### စစ်ကောင်စီက ငှားရမ်းခမပေးနိုင်သဖြင့် အစ္စရေး-ကနေဒါလော်ဘီလုပ်ငန်း ရပ်ဆိုင်း

အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့အရေးယူမှုတွေကြောင့် သူ့ရဲ့ဝန်ဆောင်ခ လုပ်အားခ မရဘဲ ဖြစ်နေတာမို့ ပြီးခဲ့တဲ့လမှာပဲ စစ်အုပ်စုဆီ လုပ်ငန်းရပ်ဖို့ အစ္စရေး-ကနေဒါလော်ဘီလုပ်ငန်း အရီဘန်မန်နာရှီက အကြောင်းကြားခဲ့တာလို့ Foreign Lobby Report မှာ ဖော်ပြပါတယ်။

### မြန်မာ့အရေးကုလပြောကြားမှု

မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုတွေရဲ့ ရိုက်ခတ်မှုအဖြစ် ပြည်သူတွေအကြား ရင်ဆိုင်လာရတဲ့ အစားအသောက်မလောက်ငှမှုနဲ့ ဈေးနှုန်းမြင့်တက်မှုတွေ၊ ငွေကြေးတန်ဖိုးကျဆင်းမှု အခြေအနေတွေ လာမယ့်လပိုင်းတွေမှာ ပိုဆိုးလာနိုင်တဲ့အကြောင်း ကုလသမဂ္ဂ အဖွဲ့အစည်းတွေက သတိပေးနေပါတယ်။ အာဏာသိမ်းမှုမတိုင်မီ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ကိုဗစ်-၁၉ အကူအညီအဖြစ် မြန်မာနိုင်ငံ ရရှိထားသည့် ဒေါ်လာ သန်း ၃၅၀ ကို စစ်တပ်အနေဖြင့် စာရင်းတင်ပြရှင်းလင်းရန် ပြောကြားထားပါသေးတယ်။


### AAPP ထုတ်ပြန်ချက် (၁၄.၇.၂၀၂၁)

မတရားအာဏာသိမ်းကာလ ၅ လခွဲအကြာ အာဏာသိမ်း စစ်ကောင်စီတပ်ရဲ့ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၉၁၁ ယောက်ပြီး၊ ၅၂၅၇ ယောက် ဖမ်းဆီးချုပ်နှောင်ခံနေရဆဲဖြစ်ပါတယ်။

အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၂၆ ယောက် သေဒဏ်ချမှတ်ခံထားရ၊ မျက်ကွယ်သေဒဏ်ချမှတ်ခံထားရသူ ၃၉ဦး ရှိပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၆၅ ယောက် ရှိခဲ့ပြီ ဖြစ်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ AAPPက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၂၆ ယောက် သေဒဏ်ချမှတ်ခံထားရ၊ မျက်ကွယ်သေဒဏ်ချမှတ်ခံထားရသူ ၃၉ဦး




ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ AAPPက ကောက်ယူမှတ်တမ်း

## တပတ်အတွင်း သတင်းကောက်နုတ်ချက်

### စစ်ကောင်စီက မီတာခများအတင်းအကျပ် ကောက်ခံနေစဉ် လျှပ်စစ်ရုံးများ၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားနေ

အာဏာသိမ်း စစ်ကောင်စီက ပြည်သူလူထုတွေဆီကနေ မီတာခတွေ အတင်းအကျပ်လိုက်လံ ကောက်ခံနေစဉ် ရန်ကုန်မြို့ရှိ လျှပ်စစ်ရုံးတွေမှာ ဗုံးပေါက်ကွဲမှုတွေ ဆက်တိုက်ဖြစ်ပွားနေပါတယ်။ မီတာခမပေးတဲ့ နေအိမ်တွေကို မီးဖြတ်မယ်လို့ စစ်ကောင်စီက ခြိမ်းခြောက်နေပေမဲ့ အကြမ်းဖက်စစ်အုပ်စုကို သက်ဆိုးရှည် ဝင်ငွေရစေတဲ့ မီတာခတွေအပါအဝင် အခွန်အခတွေ မပေးဆောင်ကြဖို့ NUG ကတိုက်တွန်းထားသလို ဖက်ဆစ်ဆန့်ကျင်ရေးလက်ရုံးတပ်ဖွဲ့ကလည်း မီတာခတွေမဆောင်ကြဖို့ ပြည်သူတွေကို အသိပေးကြေညာထားပါတယ်။ မန္တလေးမှာတော့ မီတာလာကောက်သူတွေ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခံနေရပါတယ်။

### ရန်ကုန်တွင် Yangon Urban Guerrillas အမည်ဖြင့် ပြည်သူ့ကာကွယ်ရေးတပ် ၁၄ ဖွဲ့ မဟာမိတ်ဖွဲ့

ရန်ကုန်မြို့မှာ Yangon Urban Guerrillas အမည်နဲ့ ပြည်သူ့ကာကွယ်ရေးမဟာမိတ်တပ်ဖွဲ့ ၁၄ ဖွဲ့ပူးပေါင်းကာ စစ်ကောင်စီကို တိုက်ထုတ်ရေးအတွက် လူအင်အား၊ လက်နက်အင်အား၊ ငွေကြေးအင်အားတွေ ကြိုးစားစုဆောင်းနေတယ်လို့ သိရပါတယ်။

### ကိုဗစ်-၁၉ သတင်း

**ဇူလိုင်၁၄ရက်နေ့အထိ သေဆုံးသူ စုစုပေါင်း ၄၁၈၁ ယောက်၊ အတည်ပြုလူနာ စုစုပေါင်း ၂၀၀၃၅၇ ယောက်**

ဇူလိုင်၁၄ရက် တရက်အတွင်း ကူးစက်မှုအသစ် ၇၀၈၃ ယောက်၊ သေဆုံးသူ ၁၄၅ ယောက် ရှိခဲ့၊ ပိုးတွေ့နှုန်း ၃၃ ဒသမ ၁၇ ရာခိုင်နှုန်းကျော်၊ ဇူလိုင် ၁၃ရက်နေ့ကတော့ သေဆုံးသူ ၁၀၉ ယောက် ရှိခဲ့ပါတယ်။ ဒီစစ်ဆေးမှုတွေဟာ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) မှာပါဝင်နေကြတဲ့ ဆေးရုံတွေ၊ ဓာတ်ခွဲစမ်းသပ်ခန်းတွေ မပါဝင်ဘဲ စစ်အုပ်စုလက်အောက်ခံ တပ်မတော်ဆေးရုံတွေ အများစုမှာ စမ်းသပ်စစ်ဆေးခဲ့တာမို့ ရောဂါကူးစက်သေဆုံးမှု အချက်အလက်တွေရဲ့ တိကျတဲ့ ပမာဏအတိုင်းအဆကိုတော့ မသိနိုင်ပါဘူး။ ကျန်းမာရေးပညာရှင်များကတော့ ဒီ့ထက်ပိုနိုင်တယ်လို့သုံးသပ်ကြပါတယ်။

ရန်ကုန်သုသာန်များတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူရုပ်အလောင်းရာချီ နေ့စဉ်သင်္ဂြိုဟ်ပေးနေရပါတယ်။ ကူးစက်မှုများတွင် ပဲခူးတိုင်းကအများဆုံးဖြစ်၊ သေဆုံးသူ ထက်ဝက်ခန့်မှာ ရန်ကုန်က ဖြစ်နေပါတယ်။

ကိုဗစ်လူနာအတွက် အရေးပေါ် သယ်လာသည့် အောက်ဆီဂျင်အိုးများကို စစ်ကောင်စီက သိမ်းဆည်းမှုရှိနေပြီး ရောဂါကူးစက်ခံရမှု အဆိုးဝါးဆုံး အခြေအနေတွေနဲ့အတူ အောက်ဆီဂျင်လိုအပ်တဲ့ ပြဿနာတွေ ရှိလာပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရန် ၉ရက်ဆက်တိုက်(ဇူလိုင်၁၇-၂၅) အလုပ်ပိတ်ရက်အဖြစ် စစ်ကောင်စီက လည်းကြေညာထားပါတယ်။ ကိုဗစ်ကပ်ဘေးကြောင့် အားဖြည့်အစာစားရန်လိုအပ်ချက်ကြောင့် ရန်ကုန်မြို့တွင် ကြက်ဥဈေးနှုန်းများ သိသိသာသာမြင့်တက် ပြတ်လပ်နေပါတယ်။ နှာခေါင်းစည်း Mask နှင့် သာမန်အကိုက်အခဲပျောက်ဆေး paracetamol ဝယ်မရဘဲ ပြတ်လပ်မှုများလည်းကြုံနေရပါတယ်။







# ချီလီအားကစားကွင်း



ဗစ်တာ ဟာရာ
(ချီလီ၊ ၁၉၃၂ – ၁၉၇၃)

မြို့ကြီးရဲ့ အစိတ်အပိုင်းသေးသေးလေးတခုဖြစ်တဲ့
ဒီနေရာမှာ ငါတို့ လူငါးထောင်ရှိတယ်။
လူပေါင်းငါးထောင်ရှိတယ်။
မြို့တွေအားလုံးနဲ့ တပြည်လုံးမှာဆိုရင်
ငါတို့တွေ ဘယ်လောက်တောင်များရှိလိမ့်မလဲ။
ဒီတနေရာထဲမှာပဲအပင်တွေကို မျိုးစေ့ချပြီး စက်ရုံတွေကို လည်ပတ်စေတဲ့
လက်ပေါင်းတသောင်းရှိတယ်။
လူသားမျိုးနွယ်ရဲ့ ဘယ်ပမာဏလောက်များ
ငတ်မွတ်မှု၊ ချမ်းစီးမှု၊ ကြီးလန့်စာစား ချောက်ချားရမှု၊ နာကျင်မှု၊
အကျင့်စံနှုန်းတွေရဲ့ဖိစီးမှု၊ ကြောက်ရွံ့ထိတ်လန့်ရမှုနဲ့ ရူးသွပ်မှုတို့ရဲ့ဒဏ်ကို
ခံနေရလိမ့်မလဲ။

ငါတို့ထဲက ခြောက်ယောက်ဟာ
ကြယ်စုံအာကာသထဲရောက်နေသလို မျောလို့။

တယောက်သေ၊ နောက်တယောက်က လူတယောက်ကို အဲ့သလောက်ထိ ရိုက်နှက်လို့ ရမယ်လို့
မယုံနိုင်ရလောက်အောင် အရိုက်အနှက်ခံထားရ။
ကျန်တဲ့လေးယောက်ကတော့ သူတို့ရဲ့ကြောက်ရွံ့မှုကြီးကနေ လွတ်မြောက်အောင် လုပ်ချင်နေကြ။
တယောက်က ဗလာဟင်းလင်းပြင်ထဲကို ခုန်ချ၊
နောက်တယောက်က သူ့ခေါင်းကို နံရံနဲ့ဆောင့်၊
အားလုံးကတော့ သေအံ့မူးမူးမျက်လုံးတွေနဲ့ ကြောင်စီလို့။
ဖက်ဆစ်ဝါဒရဲ့ မျက်နှာကြီးဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းပါလိမ့်။
သူတို့စီမံကိန်းတွေကို သူတို့အကောင်အထည်ဖော်တဲ့အခါ တခြားဘာကိုမှ ဂရုမထား
ဓားသွားလို ထက်မြသေသပ်လှရဲ့။
သူတို့အတွက်က သွေးဟာ ဆုတံဆိပ်ဖြစ်ပြီး
သတ်ဖြတ်ခြင်းဟာ သူရဲကောင်းဆန်မှုပဲ။
အို ဘုရားသခင်၊ အရှင်ဖန်ဆင်းတဲ့ ကမ္ဘာဆိုတာ ဒါလား၊
အရှင့်ရဲ့ ခုနစ်ရက် ခုနစ်လီ ထူးထွေဖန်ဆင်းတော်မူသော အရာဟာ ဒါတဲ့လား။
ဟောဒီနံရံလေးဘက်ကြားမှာ တိုးတက်မလာတဲ့
ကိန်းဂဏန်းတခုကလွဲလို့ တခြားဘာမျှမရှိ၊
တဖြည်းဖြည်း ပိုပိုပြီးသာ သေခြင်းကို တပ်မက်လာကြမှာဖြစ်တဲ့ ကိန်းဂဏန်းတခုပေါ့။

ဒါပေမယ့် ငါ့အသိစိတ်က ရက်တရက် ငါ့ကိုလှုပ်နှိုးလာရဲ့၊
ဒီအခါ နှလုံးခုန်သံမဲ့တဲ့ သည်ဒီလှိုင်းကို ငါမြင်ရ၊
စက်ယန္တရားတို့ရဲ့ တဒိန်းဒိန်းသွေးခုန်သံကို ငါမြင်ရ၊
ပြီးတော့ နူးညံ့ချိုမြနေတဲ့ ဝမ်းဆွဲသည်မမျက်နှာတွေနဲ့
စစ်တပ်ကိုရောပေါ့။
ပြီးတော့ မက္ကဆီကို၊ ကျူးဘားနဲ့ ကမ္ဘာကြီးတို့။
ဒီရှက်ဖွယ်လိလိဖြစ်ရပ်ကြီးကို သင်းတို့ကို အော်ပြောခိုင်းပါလေ။
ငါတို့ဟာ ဘာကိုမှ မထုတ်လုပ်နိုင်တဲ့
လက်ပေါင်းတသောင်းပဲ။
တတိုင်းပြည်လုံးမှာ ငါတို့တွေ ဘယ်နှစ်ယောက်များရှိမလဲ။
ငါတို့ရဲဘော်သမ္မတကြီးရဲ့သွေးဟာ ဗုံးတွေ
စက်သေနတ်တွေထက် ပိုပြီးပြင်းထန်စွာ ထိခတ်တယ်။
အဲသလိုပဲ ငါတို့ရဲ့ လက်သီးတွေဟာလည်း နောက်တကြိမ် ထိုးနှက်ကြလိမ့်မယ်။

အို တေးချင်းရေ၊ ဒီအနိဋ္ဌာရုံကြီးအကြောင်း ငါသီဆိုတဲ့အခါ
ဘယ်လောက်များ ခဲခက်လိုက်ပါလိမ့်။







ချက်နဲ့ အများသဘောဆန္ဒအရ ဖက်ဒရယ် FM ဆိုပြီး နာမည်ပေးဖြစ်တာပါ။

"ဖက်ဒရယ် FM" ဆိုတာကတော့ ကျမတို့မှာက ပြည်နယ်၊ ပြည်မ လူမျိုးပေါင်းစုံ ကွဲပြားမှုအားဖြင့် အင်မတန် စုံလင်တာကြောင့် သွားရမယ့်လမ်းကြောင်းက အာဏာရှင်စနစ်လို တသွေး၊ တသံ၊ တမိန့်အတိုင်း လိုက်နာရမယ်ဆိုတဲ့ ပုံစံမျိုးမဟုတ်ဘဲ ပြည်နယ်၊ ပြည်မက ပြည်သူတွေအားလုံးက တစုတစည်းတည်းနဲ့ နိုင်ငံကို တည်ဆောက်မယ်။ အများသဘောတူတဲ့ဆန္ဒနဲ့ အားလုံးစုပေါင်းလာရောက်ကြတဲ့ နိုင်ငံရေးစနစ်တခုလို့ မြင်ပါ တယ်။

အခုအခြေအနေက အများသဘောဆန္ဒကို မလိုက်လျောနိုင်ဘဲ တသွေး၊ တသံ၊ တစ်မိန့်နဲ့ အုပ်ချုပ်ချင်တဲ့ အာဏာရှင်စနစ်က ပြန်ပြီး ဝင်ရောက်ဖျက်ဆီးပစ်လိုက်တာပါ။

ဆက်ပြီးပြောရရင် စစ်အာဏာရှင်အဆက်ဆက် ပုံဖျက်ခဲ့တဲ့ "ဖက်ဒရယ်စနစ်ကိုပေးရင် တိုင်းပြည်ပျက်စီးမယ်"ဆိုတဲ့အတွေးအမြင်တွေ စွဲမြဲမကျန်စေဖို့နဲ့ ဖက်ဒရယ်စနစ်ဟာ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ပြည်နယ်၊ ဒေသအပေါ် မူတည်ကာ ကိုယ့်ဒေသကိုယ် စီမံခန့်ခွဲနိုင်မှုနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပေးတယ်ဆိုတဲ့ ဖက်ဒရယ်ရဲ့အနှစ်သာရတွေကို ဖက်ဒရယ် FM ကနေ စကားဝိုင်းတွေ၊ လူသိများထင်ရှားတဲ့ နိုင်ငံရေးသမားတွေ၊ Public Figure တွေနဲ့ အင်တာဗျူးတွေကနေတဆင့် သတင်းစကားပါးနိုင်ဖို့ မှန်းထားပါတယ်။

ဒါပေမယ့် အခု စေတနာ့ဝန်ထမ်းပြတ်တောက်မှုတွေရှိပါတယ်။ ကိုဗစ်တတိယလှိုင်းနဲ့ စစ်အာဏာရှင်လက်အောက်မှာ စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုတွေကြောင့် အလုပ်လုပ်ပေးနေရင်းက ရပ်သွားတာမျိုးတွေ ရှိနေတာပါ။

■ လက်ရှိထုတ်လွှင့်နေတဲ့ အစီအစဉ်တွေမှာ ဘယ်လိုကဏ္ဍတွေ၊ ဘယ်လိုအစီအစဉ်တွေပါနေလဲ ဆိုတာ ဖက်ဒရယ် FM နားမထောင်ဖူးတဲ့သူတွေသိရအောင် ပြောပြပေးပါဦး။

အရင်ကတော့ သတင်းစီးဆင်းမှုတွေ ပြတ်တောက်ကုန်တာရယ်၊ စစ်အာဏာရှင်က အင်တာနက်တွေဖြတ်၊ သတင်းဝက်ဘ်ဆိုက်တွေကို ကန့်သတ်တဲ့အတွက် ဒီနေ့တော့ ဘာတွေဖြစ်ပါတယ်၊ ဘယ်သပိတ်စခန်းတွေ ဖြိုခွဲခံရပါတယ်၊ ဖမ်းဆီးခံရပါတယ်တဲ့ သတင်းသီးသန့်ကို အဓိကထားပြီး အချိန်နဲ့တပြေးညီ တင်ဆက်နိုင်အောင် ရန်ကုန်က မြို့နယ်တချို့မှာ ရေဒီယိုတိုင်တွေ လိုက်ထောင်ပြီး မိနစ် ၃၀ ထုတ်လွှင့်ချိန်နဲ့ ထုတ်လွှင့်မယ်လို့ ကနဦး ရည်မှန်းခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လတွေမှာ (ကျမ အထင်) မေ၊ ဇွန်လောက်မှာ အင်တာနက်တွေ ပြန်ရကြတာကြောင့် ကျမတို့ရဲ့ အစီအစဉ်တွေကို အနည်းငယ်ပြောင်းပြီး အစီအစဉ်အသစ်တွေ တိုးချဲ့လိုက်တယ်။

ဥပမာ–သပိတ်ကော်မတီ၊ သပိတ်လူငယ် ခေါင်းဆောင်အသီးသီးရဲ့ သပိတ်နှိုးဆော်သံတွေပေါ့။ တော်လှန်ရေးက ရေရှည်သွားရမှာဖြစ်တဲ့အတွက် လူထုက စိတ်ဓာတ်အတက်အကျရော၊ စားဝတ်နေရေးအခက်အခဲရော ရှိပါတယ်။ နိုင်ငံရေးအရ၊ သပိတ်ကော်မတီအင်အားအရ အားကောင်းတဲ့ စာစဉ်တွေဆီက သပိတ်နှိုးဆော်သံတွေကို တကယ့် သပိတ်ခေါင်းဆောင်တွေက ဖတ်ကြားပြီး ရေဒီယိုကနေ လွှင့်ပါတယ်။ သပိတ်နှိုးဆော်သံကို နားထောင်ပြီး လူထုစိတ်အားတက်ကြွစေဖို့ပါ။

အပိုင်း – ၂ နောက်တပတ်တွင် ဆက်လက်ဖော်ပြပါမည်။

www.facebook.com/federalfmradio

# “တော်လှန်မီဒီယာတခုဖြစ်တဲ့ ဖက်ဒရယ် FM နှင့်မေးမြန်းခန်း”

## အပိုင်း - ၁



ဖက်ဒရယ် fm

**Exclusive Interview**

မိုးလိုတောင် မေးသည်။

■ ဖက်ဒရယ် FM အကြောင်းနဲ့ မနွေဦးပန်းဝါအကြောင်း အရင်ဆုံးမိတ်ဆက်ပေးပါဦး။

အာဏာသိမ်းမှုအပြီးမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ နိုင်ငံရေးနယ်ပယ်က လူငယ်ပေါင်းစုံက လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီအဖြစ် စထွက်ခဲ့တဲ့ GSCN ကဦးဆောင်လူငယ်အချို့၊ လုပ်အားပေးလူငယ်အချို့က သပိတ်တွေမှာလည်း တက်ကြွပါဝင်ရင်း တဖက်မှာလည်း ရေဒီယိုစက်ပစ္စည်းတချို့ကို ရရှိခဲ့တယ်။ စစ်အာဏာရှင်က သတင်းအမှောင်ချဖို့ ဝိုင်ဖိုင်အင်တာနက်၊ မိုဘိုင်းဒေတာတွေနဲ့ ဝက်ဘ်ဆိုက်တချို့ကို ပိတ်ပစ်တာကြောင့် VPN မသုံးရင် သတင်းတွေမသိရတော့ဘူး။ လူထုက သတင်းအမှန်တွေကို လက်လှမ်းမမီတော့ဘူး။ ယုံကြည်ရတဲ့သတင်းဌာနတွေရဲ့ သတင်းအမှန်စီးဆင်းမှုကလည်း ရပ်တန့်သွားခဲ့တယ်။

ဒါကို ဆန့်ကျင်တုံ့ပြန်ဖို့ “မြေပြင်အခြေအနေအရပ်ရပ်”နဲ့ပတ်သက်တဲ့ တော်လှန်ရေးသတင်းအမှန်တွေ လူထုကိုပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဖက်ဒရယ် FM ကို တော်လှန်ရေးမီဒီယာတခုအဖြစ် စတင်စုဖွဲ့လုပ်ကိုင်ခဲ့တာပါ။

ဖက်ဒရယ် FM ရဲ့ စုဖွဲ့မှုမှာ Gen Z, Gen Y လူငယ်တွေ၊ လုပ်အားပေးလူမျိုးပေါင်းစုံ လူငယ်တွေအပြင် ကျမလို ဂျာနယ်လစ်ဇင်ပိုင်း၊ ရေဒီယို၊ ရုပ်သံသတင်းဌာနတွေမှာ အတွေ့အကြုံရှိသူတွေနဲ့ လူမှုကွန်ယက်ပေါ်က Social Influencer အနည်းငယ်လည်း ပါဝင်ပါတယ်။ မတူညီတဲ့ နယ်ပယ်တွေက ကျွမ်းကျင်သူတွေပေါင်းပြီး FM ကနေတဆင့် အာဏာရှင်ကို တော်လှန်ရေးသတင်းစကားတွေနဲ့ နှိပ်ကွပ်မယ်။ အထူးသဖြင့် ပြည်နယ်အသီးသီးက လူထုဆီ သတင်းအမှန်တွေပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စတင်ခဲ့တာပါ။

■ ဖက်ဒရယ် FM လို့နာမည်ပေးထားတာဖြစ်လို့ “ဖက်ဒရယ်”ဆိုတဲ့ စကားလုံးကို လူထုနားလည်အောင် မနွေဦးပန်းဝါအနေနဲ့ ဘယ်လိုပြောပြနိုင်မလဲ။ ဖက်ဒရယ် FM အနေနဲ့ ဖက်ဒရယ်ဆီရောက်အောင် ဘယ် လို လျှောက်လှမ်းသွားပါမလဲ။

ဖက်ဒရယ် FM လို့ အမည်ပေးဖြစ်ခဲ့ပုံကို အရင်ပြောပြချင်ပါတယ်။ ဖက်ဒရယ် FM ထုတ်လုပ်ရေးအဖွဲ့ရော၊ စီမံခန့်ခွဲရေးအဖွဲ့ရောက စုပေါင်းဦးဆောင်မှုနဲ့သွားပါတယ်။ ရေဒီယိုနာမည်အတွက် စဉ်းစားတဲ့အခါမှာ ကျမတို့လိုချင်တဲ့အရာက ဖက်ဒရယ်ဒီမိုကရေစီဖြစ်တယ်။ အဲ့ဒီကိုသွားတဲ့လမ်းကြောင်းမှာ လိုအပ်တဲ့တော်လှန်ရေးသတင်းတွေ၊ ဖက်ဒရယ်ရဲ့ အနှစ်သာရတွေကို ရေဒီယိုကနေတဆင့် သတင်းစကားပါးမယ်ဆိုတဲ့ ရည်ရွယ်





ငါရှင်သန်နေထိုင်ရတဲ့ အနိဋ္ဌာရုံကြီးပေါ့၊
ငါသေဆုံးသွားရမယ့် အနိဋ္ဌာရုံကြီးပေါ့။
တိတ်ဆိတ်မှုနဲ့ အော်မြည်မှုတို့ရှိရာ
မျှားပြားလှတဲ့ အနန္တခဏငယ်တွေကြား
ငါ့ကိုယ်ငါ ပြန်မြင်နိုင်ဖို့ဟာ
ဒီတေးချင်းရဲ့ ပန်းတိုင်ဖြစ်လေရဲ့။
ငါမြင်ဖူးခဲ့ရာ၊ မမြင်ဖူးခဲ့ရာ၊
ငါခံစားဖူးခဲ့ရာနဲ့ ငါအခုခံစားရမိရာတို့က
ဒီအချိန်ခဏငယ်ကို မွေးဖွားစေလိမ့်မယ် …။ ။

ဗစ်တာ ဟာရာ (ချီလီ၊ ၁၉၃၂ – ၁၉၇၃)

ဗစ်တာဟာရာ(Victor Jara)ဟာ ချီလီကျောင်းဆရာ၊ အဆိုတော်၊ တေးရေးဆရာ၊ ကဗျာဆရာ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကွန်မြူနစ်တဦးဖြစ်ပြီး သာမန် တောင်သူမျိုးရိုးကနေ ဆင်းသက်လာသူဖြစ်တယ်။

ဟာရာက အုပ်ချုပ်သူအစိုးရ၊ စစ်ပွဲနဲ့ အာဏာရှင်စနစ်တို့ရဲ့ ညှင်းပန်းနှိပ်စက်မှုတွေကို အလုံးစုံ ရှုတ်ချပြီး ဆင်းရဲနွမ်းပါးသူတွေ၊ အလုပ်သမားတွေရဲ့ အကျပ်အတည်းတွေအပေါ် ကို လူထုက အာရုံစိုက်လာစေတဲ့ သူ့ရဲ့ သီချင်းစာသားတွေကတဆင့် ကျော်ကြားလာခဲ့သူ လူထုဘက်တော်သားတဦး ဖြစ်တယ်။ ချေဂွေဗားရားကို အတိအလင်းထောက်ခံသူတဦးဖြစ်သလို ဆိုရှယ်လစ်တဦးဖြစ်တဲ့ ဆာလ်ဗဒေါ အာယန်ဒေးကို အောင်ပွဲရစေခဲ့တဲ့ ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်မှုတွေမှာလည်း တက်တက်ကြွကြွပါဝင်ခဲ့တယ်။

၁၉၇၃ ခုနှစ် ဂတ်စတို ပီနိုရှေးရဲ့ စီအိုင်အေကျောထောက်နောက်ခံနဲ့ အကြမ်းဖက်အာဏာသိမ်းယူမှုအပြီးမှာ အစိုးရနည်းပညာတက္ကသိုလ်က ပါမောက္ခ ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေ၊ ကျောင်းသားတရာကျော်နဲ့ အတူ ဟာရာလည်း မတရားဖမ်းဆီးခြင်းကို ခံခဲ့ရတယ်။ သူတို့အားလုံးနဲ့အတူ ဟာရာဟာ ချီလီအားကစားကွင်း (Estadio Chile) ထဲမှာ ချုပ်နှောင်ဖမ်းဆီးထားခဲ့ရပြီး လူမဆန်စွာ ညှင်းပန်းနှိပ်စက်ခံခဲ့ရရင်း နောက်ဆုံးမှာ ဒီနေရာမှာပဲ အသတ်ခံခဲ့ရတယ်။ သူထောင်ကျနေချိန်ကာလအတွင်းမှာပဲ “ချီလီအားကစားကွင်း”ကဗျာကို ရေးသားခဲ့ပြီး ဟာရာရဲ့မိတ်ဆွေဖြစ်သူက ဒီကဗျာကို ဖိနပ်ထဲမှာ ဝှက်ပြီးသိမ်းထားခဲ့ကာ သူထောင်က လွတ်မြောက်ချိန်မှာ ဟာရာရဲ့ အမျိုးသမီးဆီကို ပို့ပေးခဲ့တယ်။ ဒီကဗျာမှာ ဟာရာဟာ ချီလီပြည်သူပြည်သားတွေ ခံစားနေရတဲ့ မတရားမှုတွေ ရက်စက်မှုတွေကို မှတ်တမ်းတင်ဖို့ကြိုးစားခဲ့တယ်။ ဒီကဗျာဟာ သူ့ရဲ့နောက်ဆုံးဖန်တီးမှုဖြစ်သလို သူ့ရဲ့အကျော်ကြားဆုံးလို့လည်း ဆိုနိုင်တယ်။ ဟာရာဆုံးပါးသွားပြီး နှစ်သုံးဆယ်အကြာမှာတော့ ချီလီအားကစားကွင်း (Estadio Chile) ကို ဗစ်တာဟာရာ အားကစားကွင်း (Estadio Victor Jara) အဖြစ် နာမည်ပြောင်းပြီး ဟာရာအပါအဝင် တော်လှန်ရေးမှာ စွန့်လွှတ်စွန့်စားခဲ့ရသူအားလုံးကို ဂုဏ်ပြုခဲ့ပါတယ်။ ၂၀၁၈ မှာတော့ အငြိမ်းစား ချီလီစစ်အရာရှိ ရှစ်ယောက်ကို သတ်ဖြတ်မှုနဲ့ ထောင်ဒဏ် ၁၅ နှစ်နဲ့ တရက်ပြစ်ဒဏ်ချမှတ်ခဲ့တယ်။

■ ■ ■




ကမ္ဘာအနှံ့ ကူးစက်နေတဲ့ ကိုဗစ် ၁၉ ရောဂါပိုးဟာ ဗမာပြည်ကိုလည်း ဒုက္ခပေးနေပြီ။ ပထမလှိုင်း၊ ဒုတိယလှိုင်းတုန်းက ပြည်သူလူထုဟာ ညီညီညွတ်ညွတ် တောင့်ခံနိုင်ခဲ့ကြပေမဲ့ တတိယလှိုင်းမှာတော့ ဖရိုဖရဲ ပြိုလဲနေကြပြီ။ အကြောင်းကတော့ အကြမ်းဖက် လူသတ်သမား စစ်ကောင်စီ ဂိုဏ်းသားတွေက လူထုကို သတ်ဖြတ်နှိပ်စက်နေလို့ပါပဲ။

စစ်ဝါဒီ နစက လူသတ်သမားတွေ ဟာ အာဏာသိမ်းမှု အောင်မြင်စေဖို့ ရောဂါကူးရကပ်ဆိုးကြီးကို အကာအကွယ်ယူပြီး လူထုကြီးကို တဆင့်တိုး သတ်ဖြတ်ဖို့ ကြံရွယ်နေတယ်။ ပထမဆုံး သူတို့ လုပ်တာက ပြည်သူအများသုံး နှာခေါင်းစည်း တွေကို ၇ ဆ အထိ ဈေးတင် ပစ်လိုက်တာပါ။

နောက် ဆေးနဲ့ ဆေးပစ္စည်းတွေ အောက်ဆီဂျင်စက်တွေ ပြည်ပကနေ တင်သွင်းလို့မရအောင် လုပ်တယ်။ အဲဒီနောက် အောက်ဆီဂျင်စက်ရုံတွေကိုပိတ်လိုက်တယ်။ သေဘေးကြောက်လို့ အောက်ဆီဂျင်စက်ရုံမှာ တန်းစီနေတဲ့ အပြစ်မဲ့ ပြည်သူတွေကို သေနတ်နဲ့ လိုက်ပစ်၊ ကားနဲ့ လိုက်တိုက် သတ်ဖြတ် လုပ်ကြံတာတွေလုပ်လာတယ်။ ဒီလောက်ဆိုးညစ် ယုတ်မာတဲ့ စစ်တပ် ရှိဦးမတဲ့လား။ သူတို့ကတော့ ဒီမျှနဲ့မရပ်သေးဘူး။ စက်ရုံတွေဝင်စီးတယ်၊ ကုန်ကြမ်း၊ ကုန်ချော၊ အောက်ဆီဂျင်ဗူးအပြင် ခေါင်းတွေကိုပါသိမ်းတယ်။ နောက်ဆုံး စက်ရုံပိုင်ရှင်တောင် ဝင်ခွင့်မပေးတော့ဘူး။ အခု တနိုင်ငံလုံးမှာ အကြီးဆုံးဆိုတဲ့ အောက်ဆီဂျင်စက်ရုံ ၁၆ ရုံ ကို စစ်တပ်က အပိုင်စီးထားလိုက်ပြီ။ မင်းအောင်လှိုင်က လူထုကို မားပြတိုက်ပြီး အရှက်မရှိ ပြောင်ထကြေညာပြန်တယ်။ သူ့ဆီမှာ အောက်ဆီဂျင် အလုံအလောက်ရှိသတဲ့။ သူခိုးရွှေရ တပြပြ လုပ်ပြန်တယ်။ ဒါက လူထုကို စော်ကားတာသက်သက်ပါ။ လူထုခမျာမတော့ အောက်စီဂျင်တော်မွတ်မှုပင်လယ်ထဲမှာ ပက်လက်မျောနေရတာပါ။ ဆေးရုံဆေးခန်းတွေမှာ လူနာတွေ ပုံထပ်နေသလို သုဿန်တစ ပြင်မှာလည်း အလောင်းစင်တွေနဲ့ စည်ကားလို့ပါ။

ကိုဗစ်ဟာ ကမ္ဘာလုံးဆိုင်ရာ ရောဂါကူးရကပ်ဖြစ်တယ်။ ဒါအမှန်ပါပဲ။ ဒါပေမဲ့ ပြည်သူတွေ ကိုဗစ်သံသရာထဲမှာ ပတ်ချာလည်နေတာကတော့ ဖက်ဆစ်ကောင်စီစစ်တပ်ကြောင့်ပါ။ ဒီစစ်တပ်ရှိနေသမျှ ဘာကောင်းကျိုးမှ ပြုလို့ လုပ်လို့ ရမှာမဟုတ်ဘူး။ ကျနော်တို့ဟာ ကိုဗစ်ကို သတ်ချင်ရင် စစ်တပ်ကို အရင်ရှင်းရတော့မယ်။ ဒီအချိန်ဟာ အားမွေးရမယ့်အချိန်လည်း မဟုတ်ဘူး။ မားသွေးရမယ့် အချိန်လည်း မဟုတ်တော့ဘူး။ ရှိသမျှ အင်အားအကုန်ခုတ်ပြီး မားနဲ့ တက်ခုတ်ရတော့မယ့် အချိန်ပဲ။ ကပ်ဆိုးကိုကျော်ဖို့ တပ်ဆိုးကို ဆော်မှ ဖြစ်တော့မယ်။

ပြည်သူအားလုံး ညီညွတ်ကြ။
လူမျိုးအားလုံး ညီညွတ်ကြ။
လူတန်းစားအားလုံး ညီညွတ်ကြ။
ဘုံရန်သူ စစ်အုပ်စုကို အမြစ်ဖြတ် ချေမှုန်းကြပါ။

● ခိုင်မျိုးဦး








အသက်ရှူနေရပေမယ့် အသက်ရှူကြပ်နေတဲ့ ကမ္ဘာမှာ ငါတို့နေတယ်။ အောက်စီဂျင်ဘူးတွေကို နေရာအနှံ့မှာတွေ့တော့ ပိုပိုပြီးအသက်ရှူကြပ်လာသလို ခံစားရတယ်။ တကယ်တော့ ငါတို့တွေက အမြဲအသက်ရှူကြပ်နေခဲ့ကြတာ။ အောင်ချိမ့်ရဲ့ ဂန္ထဝင်မမ ကဗျာထဲက စာသားလို "ငါ ဖျားနာနေခဲ့တာ နှေသုံးခု မိုးသုံးခု ဆောင်းသုံးခုဆိုတာထက်တောင် ငါတို့က ပိုဖျားနေခဲ့ကြတာပေါ့"။ ခေတ်ကြီးတခုလုံးကို မိုးတွေ ရွာချတဲ့အခါတိုင်း စစ်ဘေးရှောင်တွေ၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်တွေနဲ့ ကျူးတဲကသူတွေက အသက်ရှူကြပ်ခဲ့ကြတယ်။ ကုန်ဈေးနှုန်းတွေတက်လာတိုင်းလည်း ငါတို့လခစားတွေနဲ့ တနေ့လုပ် တနေ့စားဘဝက မိသားစုတွေက အသက်ရှူကြပ်သထက်ကြပ်နေရတယ်။

ခေတ်ကြီးတခုလုံး အသက်ရှူကြပ်နေတယ်လို့ ပြောရလောက်အောင် ငါတို့ မမောပန်းရတဲ့အချိန်ဆိုတာ တစက္ကန့်တောင် မရှိဘူး။ ကျောတခင်း အိပ်စရာ၊ တနပ်စာ ဆာလောင်မှုရဲ့ အာသီသကို ဖြေဖျောက်လိုစိတ်၊ လိုအပ်တဲ့ အိမ်သုံးပစ္စည်းများ အားလုံးက ငွေကိုလက်ညှိုးထိုးလို့ ငါတို့ အသက်ရှူကြပ်ကြရတယ်။ ဒီလိုခေတ် ကြီးထဲ ငါတို့ ဘာမှမဖြစ်ရဲဘူး။ ငွေနှိမ်ပေးတဲ့ လုပ်ငန်းရှင်ကို ဒေါသမထွက်ရဲ၊ အလုပ် လွယ်လွယ်မရလို့ ဒေါသမထွက်ရဲ၊ အရည်အချင်းရှိအောင်လုပ်ဖို့ ငွေမရှိတာကို ဒေါသမထွက်ရဲ။ ဒီလိုပဲ ဟိုဟာစားချင် ဒီဟာစားချင်စိတ်ကို ငါတို့က အသက်ရှူကြပ်ကြပ်နဲ့ ချိုးနှိမ်ပစ်ရသေးတယ်။ နေမကောင်းဖြစ်ရင် ပါရာစီတမောသောက်မယ်။ ဗိုက်အောင့်ရင် လျက်ဆားလေး လျက်မယ်။ ငါတို့မှာ အသက်ရှူကြပ်လွန်းလို့၊ တခုခုဖြစ်ရင် တခုခုဖြစ်သွားမှာစိုးလို့ ဆေးခန်းကို သွားမပြရဲဘူး။ ဆေးခန်းတခါပြ ငွေငါးထောင် ငါတို့အတွက် ဆန် ၂ ပြည်ခွဲလောက်ရနိုင် ပါရဲ့။ ဒီလိုနဲ့ ငါတို့ရဲ့နေ့တွေဟာ အသက်ရှူကြပ်နေခဲ့တာပဲ။

ကိုဗစ် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း တလှိုမ့်ပြီး တလှိုမ့် တက်လာတော့ ငါတို့တွေ ပိုအသက်ရှူကြပ်ရတာပေါ့။ လမ်းမပေါ် ထွက်မှ စားရတဲ့ဘဝတွေက လူတွေနဲ့ ခပ်ကင်းကင်းနေလို့ မရဘူး။ အားရှိအောင်စားဖို့ထက် မငတ်အောင်အရင်စားဖို့လိုနေတော့ အားရှိအောင်စားဆိုတဲ့ စကားသံကြားတိုင်း မကြားချင်ယောင်ဆောင်ရင်း အသက်ရှူ ကြပ်ကြရတာပါပဲ။ အောက်စီဂျင်လိုလာတဲ့အခါ မငတ်အောင် ရုန်းရတဲ့သူတွေဟာ အသက်ရှူရဖို့တောင် မရုန်းကန်နိုင်ကြတော့ဘူး။ တကယ်တော့ ခေတ်ကြီးတခုလုံးမှာ ငါတို့က အသက်ရှူကြပ်နေခဲ့တာ၊ အသက်ရှူကြပ်နေတဲ့ကြားက ငါတို့က ရှင်သန်ရတဲ့အဓိပ္ပာယ်ကိုလည်း အပြေးအလွှား ရှာကြ။ မရှာနိုင်သူတွေကတော့ ထွက်ပေါက်ကနေ ထွက်သွားကြ။ ရှာနေရင်းနဲ့ပဲ မရှာနိုင်ခင် ငွေမရှိလို့ သေတဲ့သူလည်း သေကြ။ ငါတို့ကမ္ဘာက အသက်ရှူကြပ်နေတဲ့ ကမ္ဘာ၊ ငါတို့ ရုန်းကန်ရတာ အသက်ရှူကြပ်နေတဲ့ ခေတ်ကြီးထဲမှာ။ ငါတို့လိုနေတာ အောက်စီဂျင်ပဲ မဟုတ်ဘူး။ အသက်ရှူမကြပ်စေမယ့် ခေတ်ကြီးတခုလုံးပဲ။

● ထူးမွန်

ပြည်သူတရပ်လုံးရဲ့လွတ်လပ်မှုကို ထိပါးနေခြင်းဟာ ပြည်သူ့အာဏာကို အလွဲသုံးစားလုပ်နေတဲ့ အုပ်ချုပ်သူအစိုးရရဲ့ ညံ့ဖျင်းခြင်းကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ သိဖို့က ပြည်သူ့အာဏာကို အခြိမ်းအခြောက် အာဏာ နဲ့ လုယူခြင်း ခံရတယ်ဆိုရင်တော့ ပြည်သူ့အပြစ်၊ ပြည်သူ့ အားနည်းချက်ဖြစ်ပါတယ်။ ဆိုခဲ့သလိုပါပဲ အာဏာရှင်ဟာ ပြည်သူခွင့်ပြုသလောက် သက်ဆိုးရှည်နေကြမှာဖြစ်ပါတယ်။ ဒါကြောင့် –

"တရားမျှတမှု မရှိတော့ရင် တော်လှန်ရေးဟာ အဖြေဖြစ်ပါတယ်"

၂။ တော်လှန်ရေး အခြေခံသဘောတရား

သူပုန်သူကန် တော်လှန်ရေး ဖြစ်ပေါ်ပေါက်လာရခြင်း အကြောင်းအရင်းက အချုပ်အားဖြင့် ပြောရပါလျှင်– ပြည်သူ့အချုပ်အခြာအာဏာကို အခြိမ်းအခြောက် အာဏာတရပ်ရပ်က ဖိနှိပ်ချုပ်ခြယ်မှု ဖြစ်လာသည်နှင့် တပြိုင်နက် သူပုန်သူကန် တော်လှန်ရေးသည် ပေါက်ဖွားလာမှာ ဖြစ်ပါတယ်။

သူပုန်သူကန်တော်လှန်ရေးသည် အညမည တော်လှန်ရေးဖြစ်ပြီး၊ သင့်တင့်လျောက်ပတ်တဲ့ နည်းဗျူဟာကို စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ထိရောက်မှုအားကြီးမားစွာ ဖြစ်ထွန်းစေရေး တော်လှန်ပုန်ကန်သည့် တော်လှန်ရေး အမျိုးအစားဖြစ်ပါတယ်။

သူပုန်သူကန် တော်လှန်ရေးရဲ့ အခြေခံ အားသာချက်များကတော့ –

(၁) ဘယ်လောက်ပဲ အင်အားကြီးတဲ့ စစ်တပ်ကြီး ဖြစ်နေပါစေ ဖြိုခွင်းနိုင်ခြင်း။

(၂) အချိန်မရွေး၊ နေရာမရွေး၊ အသက်အရွယ်မရွေး သူပုန်သူကန် စစ်ဆင်ရေးအား ဆင်နွှဲနိုင်ခြင်း။

(၃) အကြမ်းဖက်မှုနဲ့ အကြမ်းမဖက်မှု နှစ်မျိုးလုံး အညမညအားဖြင့် ထိုက်သင့်တဲ့ အားလျော်စွာ တွန်းလှန်ပုန်ကန်နိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

အခြေခံသဘောတရားများကို ခြုံငုံသိရှိပါပြီ၊ သို့သော် တော်လှန်ရေးတရပ်ရဲ့ သဘောတရားများကိုတော့ လေ့လာကြပါဦးစို့။

တော်လှန်ရေးတရပ်၏ အဆင့်လေးရပ်ကို အကျယ်တဝင့်သိရမှာဖြစ်ပြီး အဆင့်လေးရပ်ရဲ့ ခြေကုပ်ရယူနိုင်မှုဟာ တော်လှန်ရေး အုတ်မြစ်ကို ခိုင်မာစေနိုင်မှာဖြစ်ပါတယ်။

(က) ဆန့်ကျင်ခြင်း

အခြိမ်းအခြောက် အာဏာကို ဆန့်ကျင်ခြင်းသည် တော်လှန်ရေးတရပ်၏ ပထမခြေလှမ်းဖြစ်ပါတယ်။ ဆန့်ကျင်ခြင်းအားဖြင့် ပြည်သူတရပ်လုံးသည် မိမိတို့အနေဖြင့် အခြိမ်းအခြောက်အာဏာအား လက်ခံခြင်း မရှိသကဲ့သို့၊ မိမိတို့အပေါ် အဆိုပါ အခြိမ်းအခြောက်အာဏာသည် သက်ရောက်ခြင်းမရှိကြောင်း ပြသရာရောက်ပါတယ်။ ဆန့်ကျင်ခြင်းအားဖြင့် အခြိမ်းအခြောက်အာဏာကို အာဏာရှင်များအနေနဲ့ ၎င်းတို့ရဲ့အုပ်ချုပ်မှုယန္တရားကို ကောင်းမွန်စွာ လည်ပတ်နိုင်မှာမဟုတ်ပါဘူး။ ဆန့်ကျင်ခြင်းဟာ ယန္တရားအတွက် အဓိက ခလုတ်ဆူးညောင့် ဖြစ်ပါတယ်။ အာဏာဆန့်ကျင်ခြင်း အမျိုးမျိုးရှိပါတယ်။

ရှေ့တပတ်ဆက်ရန် ... ။

● မောရိသျှ






# စစ်ခရေးစစ်ရေး မှတ်စုများ

အပိုင်း–၁၄

× ဘိုးဒေါင်း ×



သတင်းအအချက်အလက်စုဆောင်းရာမှာ သတင်းရင်းမြစ်တွေက ပြည်သူလူထုပဲဖြစ်တယ်။ ပြည်သူတွေဆီကနေရနိုင်တယ်။ အခုခေတ်မှာတော့ ဖေ့ဘုတ်ကလည်းရနိုင်တာပေါ့။ ရန်သူအကြောင်းကို ကောင်းကောင်းသိရှိနားလည်သူဆီက ရန်သူသတင်းအချက်အလက်ကို ရနိုင်တယ်။

ပြည်သူလူထု၊ မြို့နေ၊ ရွာနေလူထုဆီက သတင်းအချက်စုဆောင်းပေးနိုင်တဲ့ သူလျှိုမွေးထားရမယ်။ အဲ့ဒါကို "ဒေသခံသူလျှို"လို့ခေါ်ပါတယ်။ ဒေသခံသူလျှိုဟာ ရန်သူနယ်ထဲက ကိုယ့်အတွက် သတင်းထောက်လှမ်းပေးသူဖြစ်တယ်။ မြို့ရွာရပ်ကွက်သာမက ရန်သူတပ်ရင်းတပ်ဖွဲ့နဲ့နီးစပ်သူကိုအသုံးပြုခြင်းပဲ။ ဒါအပြင် ရန်သူရဲ့စစ်ရေးခေါင်းဆောင်တွေ၊ တပ်ရင်း၊ တပ်မ၊ ရေး/ထောက်/လှမ်းတို့နဲ့ ဇာတိမြို့ရွာ၊ ဆွေမျိုး၊ ကျောင်းနေဘက်၊ စတဲ့ရင်းနှီးကျွမ်းဝင်မှုရှိသူတွေကို မွေးမြူခြင်းဟာလည်း "ဒေသခံသူလျှို"ရဲ့အားသာချက်ဖြစ်တယ်လို့ ခွဲခြမ်းပြတာလည်းရှိပါတယ်။

အတွင်းသူလျှိုဆိုတာ ရန်သူကို အလုပ်အကျွေးပြု ထောက်ပံ့ပေးနေတဲ့ အမှုထမ်းအရာထမ်းအရာရှိကြီး/ငယ်ထဲ ကလူကိုမွေးမြူအသုံးပြုတာကိုခေါ်တာ။ ရန်သူရဲ့အတွင်းသတင်းတွေရနိုင်ရာလမ်းတခုပဲ။ ရုံးအုပ်အတော်များများဟာ ရုံးလုပ်ငန်းစဉ်တခုလုံး ထိန်းချုပ်ရသူမို့ ပိုအဆင်ပြေတတ်တယ်။ ကိုယ်ရေးအရာရှိမှအစ၊ တံခါးစောင့်၊ လုံခြုံရေး၊ ထမင်းချက်၊ အိမ်ဖော်အဆုံး ဉာဏ်ရှိသလို အသုံးပြုရတယ်။

တန်ပြန်သူလျှိုကို အသုံးပြုပုံနှစ်မျိုးရှိတယ်။ တခုက ရန်သူ့သူလျှိုကို သွေးဆောင်ဝယ်ယူပြီး ကိုယ့်သူလျှိုအဖြစ် ပြန်မွေးတာ။ ငွေစကြေးစနဲ့ ဆွဲဆောင်နိုင်ရုံသာမက သဘောတရားနဲ့လည်း ဖျားယောင်းကြရတယ်။ ရန်သူ့သူလျှိုကို ကိုယ့်သူလျှိုအဖြစ်မွေးတာအောင်မြင်ရင် တန်ပြန်သတင်းဖြန့်တာ၊ ရန်သူကိုသတင်းအမှားပေး

တာကအစ ရန်သူ့အခြေနေစုံကိုပါသိနိုင်တယ်။

နောက် တန်ပြန်သူလျှိုဆိုတာက ကိုယ်လွှတ်ထားတဲ့ ကိုယ့်သူလျှိုတွေရဲ့အခြေနေကိုသိဖို့ တန်ပြန်ထောက်လှမ်းခြင်းပဲ။ ကိုယ့်လူဆိုပေမဲ့ အမြဲစိတ်ချထားလို့မရ။ ကိုယ်က သူလူကို ပြန်မွေးသလို ရန်သူကလည်း ကိုယ့်လူကို ပြန်မွေးတတ်တာကြောင့် ကိုယ့်လူအခြေနေကိုလေ့လာဖို့လိုအပ်တယ်။ အဲ့လို လေ့လာစောင့်ကြည့်ဖို့ လွှတ်ထားတဲ့ ကိုယ့်လူကိုလည်း ‘တန်ပြန်သူလျှို’လို့ဆိုပါတယ်။

အသေသူလျှိုကတော့ ဖွင့်ဆိုချက်မျိုးစုံရှိကြတယ်။ သူကတော့ ရန်သူအတွင်းနေရာကိုရောက်အောင် ထိုးဖောက်ရတာ။ သူကနေတဆင့် ကိုယ့်လူထံ ရန်သူ့သတင်းပို့ပေးရတယ်။ ရန်သူနဲ့ပတ်သက်တဲ့ ကောလဟလကိုလည်း လုပ်ကြံဖန်တီးပြီးသတင်းလွှင့်တယ်။ လုပ်ကြံသတင်းကိုလည်း မိမိလူကတဆင့် ရန်သူသူလျှိုထံ သတင်းလည်းလွှင့်ပေးရတယ်။

(ဒီမှာနမူနာတခုပြချင်တယ်။ ဗိုလ်ကျင်မောင်က နှစ်အတော်ကြာတော့မှ ထုတ်ဖော်ရေးသားခဲ့တယ်။ သာယာဝတီထောင်ကို ကွန်မြူနစ်တပ်ကသိမ်းလိုက်တော့ ထောင်မှာအကျဉ်းသားကိုနှိပ်စက်ရာမှာ နာမည်ကြီးတဲ့ ဝါဒါတွေသာမက တာဝန်ရှိသူတွေကိုပါ သုတ်သင်လိုက်တယ်။ အဲ့ဒီသုတ်သင်လိုက်တဲ့သူတွေထဲမှာ ထောင်မှူးတဦးလည်း ပါသွားတယ်။ အဲ့ဒီထောင်မှူးဟာ ဗကပ ဆီကိုသတင်းပို့နေတဲ့ရဲဘော်၊ ‘ဗကပ’ က ထည့်ထားတဲ့ သူလျှိုပေါ့။ ဒါပေမယ့် သူဟာ ‘ဗကပ’လူပါလို့လည်းမပြော၊ ရှင်းလင်းချက်လည်းမလုပ်ဘဲ အသေခံသွားခဲ့တယ်။ ဗကပ တွေကလည်းသူ့ကိုမသိနိုင်ဘူး။ ဒီအကြောင်းကို ပြန်ပြောပြတဲ့ ဗိုလ်ကျင်မောင်ကလည်း နှစ်ကြာတဲ့အထိ ထောင်မှူးရဲ့နာမည်ကို ထုတ်မပြောခဲ့ဘူး။) အဲ့လိုအထိုင်ချ အသေမြှုပ်နှံထားတာကို အသေသူလျှို’လို့ ဆိုကြတယ်။

အရှင်သူလျှိုဆိုတာကတော့ ရန်သူ့သတင်းအချက်အလက်ကို သိမ်းဆည်းရမိပြီးတာနဲ့ အခွင့်သာချိန်မှာ မိမိအဖွဲ့ရှိရာကို အရှင်ပြန်ရောက်လာတဲ့သူပဲ။ ဒါကြောင့် တပ်ကြီးတခုလုံးရဲ့ စစ်ရေးစစ်ရာလုပ်ငန်းမှာ သူလျှိုအလုပ်လုပ် သူဟာ စွန့်စားရတတ်တယ်။ ယုံကြည်မှုအားကြီးဖို့လိုတယ်။ လုပ်ငန်းကိစ္စအဝဝမှာ သူလျှိုထက်ပိုပြီး ထိန်းသိမ်း လျှို့ဝှက်ရတာမရှိတော့ဘူး။ သိပ်အရေးကြီးတဲ့အကြောင်းချင်းတရပ်ပဲ။

လုပ်ရည်ကိုင်ရည်မပြည့်ဝသူဟာ သူလျှိုလုပ်ငန်းကို မကိုင်တွယ်နိုင်ဘူး။ အနုစိတ်၊ အသေးစိတ်ပြီး အကင်းပါးသူမဟုတ်ရင် သူလျှိုရဲ့အစစ်အမှန်သတင်းအချက်အလက်တွေကိုလည်း ခွဲခြမ်းစီစစ် သိရှိနိုင်မှာမဟုတ်ဘူး။

ဒီတပတ်အချုပ်အားဖြင့်ပြောရရင် ဒီသူလျှို(၅)မျိုးကို တချိန်တည်း တပြိုင်တည်း ပေါင်းစပ်နိုင်ရင် အသုံးပြုနိုင်ရင် ဒါဟာ “အောင်မြင်ခြင်းပညာ၊ အောင်ရတနာဖြစ်တယ်”လို့ ဆွန်ဇူးက ဖွင့်ဆိုခဲ့တယ်။ နောက်တပတ်မှာလည်း သူလျှိုအကြောင်း ကျန်တာလေးတွေဆက်ကြတာပေါ့။

နွေဦးတော်လှန်ရေး မုချအောင်ရမည်။

● ဘိုးဒေါင်း








ယခင်အပတ်မှအဆက်။

သူပုန်သူကန်များမှာ – ကွဲပြားမှုရှိနေကြပေမဲ့ ခွဲခြားမှုလုံးဝမရှိကြပါ။ မတူညီမှုများဖြစ်နိုင်ကြပေမယ့် မသင့်မြတ်ခြင်းမရှိကြပါ။ လမ်းစဉ်ချင်းကွဲနေကြပေမဲ့ ပန်းတိုင်ခြင်းက တူတူဖြစ်နေကြမှာပါ။ အနိုင်းအခြောက် အာဏာကို အမြစ်ဖြုတ်ပြီး အချုပ်အခြာအာဏာကို ပြန်လည်အသက်သွင်းလိုကြချင်းဟာ သူပုန်သူကန်များရဲ့ အန္တိမပန်းတိုင်ဖြစ်ပါတယ်။ သူပုန်သူကန်တို့ဟာ သာမည တောသူတောင်သား ဖြစ်နိုင်သလို၊ မြို့ကြီးပြကြီးမှ ဘွဲ့ရ ပညာတတ် ဆရာဝန်၊ အင်ဂျင်နီယာများလည်း ဖြစ်နိုင်ပါတယ်။ သူပုန်သူကန်များဟာ ဗလအင်အားတောင့်တင်းပြည့်ဝတဲ့ အမျိုးသားများလည်း ဖြစ်နိုင်သလို၊ ဇဝနဉာဏ်ထက်ရှင်သန်ပြီး မာယာ ပရိယာယ် ကြွယ်ဝနေမယ့် အမျိုးသမီးများလည်း ဖြစ်နိုင်ပါတယ်။ ပြည်သူတရပ်လုံးကို အားပြုပြီးဖြစ်လာတဲ့ သူပုန်သူကန်များ ဖြစ်တဲ့အတွက် အနိုင်းအခြောက်အာဏာကို ဆန့်ကျင်သမျှ လူတိုင်းဟာ သူပုန်သူကန်များဖြစ် ပြီး၊ အားလုံးဟာ တော် လှန်ရေး တပ်သားများဖြစ်ကြပါတယ်။ မည်သူမဆို အာဏာရှင်အား ဆန့်ကျင်တွန်းလှန်ပါက ထိုသူဟာ သူပုန်သူကန်အဖြစ် ထိုက်တန်သော သူဖြစ်ပါတယ်။

“တိုင်းပြည်အတွင်း ပုန်ကန်ခြင်းသည် အကြောင်းမဲ့ ဖြစ်ခြင်းမရှိ၊ ပြည်သူတရပ်လုံးက ထကြွပုန်ကန်သော် အကြောင်းကား အုပ်ချုပ်သူမင်းတို့၏ ပျက်စီးယိုယွင်းခြင်းကြောင့်ပင်ဖြစ်သည်”ဟု “ဆံချာဝရက” က ဆိုခဲ့ဖူးပါတယ်။ ပစ္စန္တရစ် အရပ်က ပုန်ကန်မှုဟာ ဗဟိုအုပ်ချုပ်မှုအောက် မနာခံလိုခြင်းကြောင့် တွန်းလှန်တော်လှန် ပုန်ကန်ကြခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်တခုလုံး ဆန့်ကျင်၊ ဖီဆန်၊ တွန်းလှန်၊ ပုန်ကန်မှုတော့ ပြည်သူတရပ်လုံးရဲ့ အချုပ်အခြာအာဏာ အစစ်အမှန်ကို ပြသနေခြင်း ဖြစ်ပါတယ်။

တွန်းလှန်ပုန်ကန်ခြင်းဟာ တရားမမျှတမှုရဲ့ အသံစစ်စစ်ဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံမှာ တော်လှန်ရေး တပ်လှန့်သံပေါ် ပေါက်လာခြင်းဟာ ထိုနိုင်ငံရဲ့ အချုပ်အချာ အာဏာ ယိုယွင်းခြင်းကို ပြသနေခြင်း ဖြစ်ပါတယ်။